အကျိုးဆောင်၏ ကူညီမှုသည် အခမဲ့ဖြစ်၍ ယုံကြည်စိတ်ချ ရပါသည်။ ယင်းသည် လွတ်လပ်သော အဖွဲ့ဖြစ်၍ အခြားသောဝန်ဆောင်မှုပေးသော ဌာနများဖြစ်ကြသည့်ဆေးရုံ၊ ရံပုံငွေထောက်ပံ့ သောအဖွဲ့အစည်းများ၊ အစိုးရဌာန၊ ကျန်းမာရေးနှင့်မသန်စွမ်း ကော်မရှင်အရာရှိ တို့နှင့်မပတ်သက်ပါ။ သို့သော် ကျန်းမာရေးနှင့်မသန်စွမ်းဥပဒေသည် အားလုံးအပေါ် အကျိုး သက်ရောက်မှုရှိသည်။ အကျိုးဆောင်ဌာနသည် လွတ်လပ်သော အကျိုးဆောင်ဌာန ၏ ဒါရိုက်တာ သို့ သတင်းပို့ပါသည်။

အကျိုးဆောင်ဌာန၏ အကူအညီ ကိုရယူခြင်းသည် မိမိတိုင်ကြားချက်များကို အောင်မြင်စွာ ဖြေရှင်းပေးနိုင် ၍များသောအား ဖြင့်အခြားနည်းလမ်း များ ထက်မြန်ဆန်ပါသည်။

## ကျန်းမာရေးနှင့် မသန်စွမ်းကော်မရှင် အရာရှိ ထံသို့–

ကျန်းမာရေးနှင့်မသန်စွမ်းကော်မရှင်အရာရှိ သည် တိုင်ကြာ းမှုအားလုံး ကိုစီစစ်၍ ဆက်လက်ဆောင်ရွက် ရန်လိုအပ်သည် မလိုအပ်သည်ကိုဆုံးဖြတ်ပေးပါသည်။ ထို့နောက်ကော်မရှင်အရာရှိ သည်

- တိုင်ကြားမှုကိုကျန်းမာရေးနှင့်မသန်စွမ်းအကျိုးဆောင်ကိုဆက်လက်အပ်နှံပြီး တိုင်ကြားသူ၏ စိုးရိမ်မှုကို ကူညီ၍ဖြေရှင်းစေသည်။
- တိုင်ကြားချက်ကို ဖြေရှင်းရန်ဝန်ဆောင်မှုပေးသောဌာနသို့ ပို့သည်။
- ထို့နောက်ထိုတိုင်ကြားချက်များကိုအခြားသောဌါနများဖြစ်သည့် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ထမ်းများမှတ်ပုံတင်ရာဌာနများ သို့ ပို့သည်။ (သို့မဟုတ်) ကိုယ်ပိုင်လွတ်လပ်ခွင့်ဆိုင်ရာကော်မရှင် အရာရှိ နှင့်စိတ်ရောဂါဌာန အကြီးအကဲ ထံသို့ ပို့သည်။
- တိုင်ကြားမှုကိစ္စအားစစ်ဆေး ရာ တိုင်ကြားမှုကိစ္စအနည်းစုကို ကျန်းမာရေး နှင့် မသန်စွမ်းကော်မရှင် အရာရှိ မှ တရားဝင် စုံစမ်း စစ်ဆေးမှုကိုစတင်ရန် ဆုံးဖြတ်ပိုင်ခွင့်ရှိသည်၊ ကျန်းမာရေးနှင့်မသန်စွမ်း ကော်မရှင်အရာရှိ သည် စုံစမ်းစစ်ဆေးမှုတွင် တစ်ဦးတည်း ဆုံးဖြတ် ပိုင်ခွင့်မရှိ ဘဲ တိုင်ကြား မှုတွင် ပါဝင်သူ အားလုံးကို ပြောဆိုခွင့်ရရန် အခွင့်အရေးပေးရ၍ စုံစမ်းစစ်ဆေးမှုသည် အချိန်ကြာ နိုင်သည်။ တိုင်ကြားချက်အားလုံးတိုင်း ဥပဒေကိုဖောက်ဖျက်သော ကိစ္စများ မဟုတ်ကြောင်း ကိုလည်း တွေ့ရတတ်သည်။
- ကော်မရှင်အရာရှိ ထံ မှ တရားဝင်ဆုံးဖြတ်ချက်ချသည်အထိ သင့်အား ပုံမှန် ဆက်သွယ်လိမ့်မည်ဖြစ်သည်။ ဆုံးဖြတ်ချက် အပေါ် ရှင်းလင်း ချက်နှင့် နောက်ဆုံး ဆုံးဖြတ်ချက်ကို သင်မျှော်လင့် နိုင်သည်။

## အကယ်၍ ကျွန်တော်၊ ကျွန်မတို့၏ ရပိုင်ခွင့်များကို ထိပါးခြင်းခံရပါက ဝန်ဆောင် မှုပေးသော ဌာနများကို ဆုံးမ စည်းကမ်းပေးမည်လား။

ကော်မရှင်အရာရှိ စစ်ဆေးစဉ် ဝန်ဆောင်မှုကို သုံးစွဲသူများ၏ အခွင့်အရေးကို ထိပါး ချိုးဖောက် သည်ဟု ကော်မရှင်အရာရှိ မှတွေ့ရှိပါက တိုင်ကြားချက်ကို သက်ဆိုင်ရာ ဒါရိုက်တာထံသို့ လွှဲပြောင်းပေးမည်ဖြစ်သည်။ ဤအဆင့်ကို တိုင်ကြားမှု အနည်းစုသာ ရောက်ပါသည်။ ဒါရိုက်တာသည် လွတ်လပ်သော တရားလိုအနေနှင့် စုံစမ်း တွေ့ရှိချက်တို့ကို ကျန်းမာရေး ဝန်ထမ်း များ၏ စည်းကမ်းဆိုင်ရာ အထူးခုံရုံး (သို့) လူ့ အခွင့်အရေး သုံးသပ်ချက် ဆိုင်ရာ အထူးခုံရုံး (သို့) ခုံရုံး နှစ်ခုစလုံး သို့တင်ပြပါမည်၊

ဆက်လက်ဆောင်ရွက်မှုဆိုင်ရာ ဒါရိုက်တာ နှင့် အထူး ခုံရုံး မှ ကြားနာပြီးသော တိုင်ကြားချက်များကို ကျန်းမာရေးနှင့် မသန်စွမ်း ကော်မရှင်နာ HDC website တွင် တွေ့နိုင်ပါသည်။

## အကယ်၍ ကျွန်တော်၊ကျွန်မတို့ရပိုင်ခွင့်တို့ကို ထိပါးချိုးဖောက်ခဲ့ပါက လျော် ကြေး ရနိုင်ပါသလား။

ကော်မရှင်အရာရှိ မှ လျော်ကြေးပေးနိုင်သော အာဏာမရှိ ပါ။ ဝန်ဆောင်မှုပေး သူ၊ အကျိုးဆောင်ဌာနမှ တိုင်ကြားချက်ကိုပြေလည်ရန် ငွေပြန်အမ်းကောင်း အမ်း နိုင်ပါသည်။အချို့ဝန်ဆောင်မှုသုံးစွဲ သူတို့သည် ကုသမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ပါက မတော်တဆ ထိခိုက်ဒဏ်ရာရမှု လျော်ကြေးပေးရာဌာနမှ အထောက်အပံ့ရနိုင်ပါသည်။ အချို့သောခြေနေများ၌ဆုံးရှုံးမှုများအတွက် လျော်ကြေး ရရှိနိုင်သည်။

## အခြားသတင်းအချက်အလက်များနှင့် ဆက်သွယ်ရန် လိပ်စာ

ရပိုင်ခွင့်ဆိုင်ရာ ဥပဒေနှင့်ပတ်သက်သော သတင်းအချက်အလက်များထပ်မံရရှိ နိုင်ရန်နှင့် အကူအညီရနိုင်ရန် (သို့) ပညာပေးသင်ကြားမှု အစီအစဉ်တို့ပြုလုပ်ရန် (သို့) မိမိကိုယ်တိုင် အကျိုးဆောင် လုပ်ရန် နှင့်ပတ်သက်သော သတင်းအချက်အလက် (သို့) မည်ကဲ့သို့တိုင်ကြား ရမည် တို့ကို အောက်ပါအတိုင်းဆက်သွယ်နိုင်သည်။

The Nationwide Advocacy Service
(နိုင်ငံလုံးဆိုင်ရာအကျိုးဆောင်အဖွဲ့)

**အခမဲ့ဖုန်း 0800 555 050**
**အခမဲ့ ဖက်စ် 0800 2787 7678**
**အီးမေးလ် advocacy@hdc.org.nz**

**The Health and Disability Commissioner**
(ကျန်းမာရေးနှင့်မသန်စွမ်းကော်မရှင်အရာရှိ)
PO Box 1791, Auckland
အောက်ကလန်/တီတီဝိုင် (09) 373 1060
ဝယ်လင်တန် (04) 494 7900
အခြားသောဌာနများ/တီတီဝိုင် 0800 11 22 33
ဖက်စ် (09) 373 1061
အီးမေးလ hdc@hdc.org.nz | ဝက်ဘ်ဆိုက် www.hdc.org.nz

ဒုက္ခသည်အဖြစ်ခိုလှုံလာသူ/နိုင်ငံရွှေ့ပြောင်းနေထိုင်လာသူများအတွက် ဦးတည်ချက်ထားပြီး ရပ်တည်အကျိုးဆောင်ရွက်ပေးသူတစ်ဦးအား သင ဆွေးနွေးပြောဆိုလို ပါက ကျေးဇူးပြု၍ တောင်းဆိုပါ။

Burmese

Nationwide
Health & Disability Advocacy
Nga Kaitautoko

# နယူးဇီလန်နိုင်ငံတွင်ကျန်းမာရေးဌာ န(သို့) မသန်စွမ်းသောသူများ အား စောင့်ရှောက်သောဌာနများကို အသုံးပြုစဉ် သင်၏ရပိုင်ခွင့်များ နှင့် မကျေနပ်ချက်များကို တိုင်ကြားရန်နည်းလမ်းများ



A service provided under the Health & Disability Commissioner Act 1994.
www.hdc.org.nz

## ရပိုင်ခွင့်များဆိုင်ရာဥပဒေ

### သင့်တွင်ရပိုင်ခွင့်များရှိပါသည်။

ကျန်းမာရေးဌာန(သို့)မသန်စွမ်းသောသူများအား စောင့်ရှောက်သောဌာနများ၏ ဝန်ဆောင်မှုများကို ရယူသူတိုင်း ရပိုင်ခွင့်များဆိုင်ရာဥပဒေမှ ကာကွယ်မှု ပေးပါသည်။ ဘက်လိုက်မှုမရှိသော ကော်မရှင် အရာရှိ က ယင်းရပိုင်ခွင့်များကို ထောက်ခံအားပေး၍ အကာကွယ်ပေးပါသည်။ နယူးဇီလန် နိုင်ငံတွင် ဤဥပဒေကို ကျန်းမာရေးနှင့် မသန်မစွမ်းမ ကော်မရှင်နာ ဥပဒေ (၁၉၉၄) ဟုခေါ်ဆိုပါသည်။

### ကျန်းမာရေးဌာန(သို့)မသန်စွမ်းသောသူများအား စောင့်ရှောက်သောဌာနများကို အသုံးပြုစဉ် သင်၏ရပိုင်ခွင့်များ

**ရပိုင်ခွင့်များဆိုင်ရာ ဥပဒေ က သင့်အားရပိုင်ခွင့် (၁၀) ခုပေးပါသည်။ ယင်းတို့မှာ–**

၁။ လေးစား စွာ ဆက်ဆံ မှု ကို ရှိရပါမည်။

၂။ ဖိနှိပ်ခြင်း၊ ခွဲခြားခြင်းမပြု ပဲ တန်းတူညီမျှသော ဆက်ဆံမှုရှိရပါမည်။

၃။ မိမိဂုဏ်သိက္ခာနှင့် လွတ်လပ်စွာဆုံးဖြတ်ခွင့်ရရှိပါမည်။

၄။ အရည်အသွေးမီ သောဝန်ဆောင်မှုကိုရရှိ ပြီး ကျွမ်းကျင်စွာနှင့်ဂရု စိုက် မှုရှိရပါမည်။

၅။ သင်၏လိုအပ်ချက်များကိုကူညီကုသပေးမည့် လူနှင့် ပြေလည်စွာ ဆက်ဆံ နိုင်ရေး အတွက်သင် နားလည်သဘောပေါက် နိုင်သောနည်းလမ်းများကို ပြင်ဆင် ပေးထား ရပါမည်။

၆။ သင်၏ကျန်းမာရေး (သို့) မသန်စွမ်းသူ၏ လိုအပ်ချက်များအတွက် သင်နားလည် သဘောပေါက်အောင်သတင်းအချက်အလက်များ ပေးရာတွင်၊ သက်ဆိုင်ရာဌာန ဝန်ဆောင်မှုဝန်ထမ်းတို့၏ နာမည် နှင့် ရာထူး၊ စမ်းသပ်စစ်ဆေးမှု နည်းလမ်း တို့နှင့် ဆေးစစ်ထားသောအဖြေ၊ စသော အချက်အလက်များ အားလုံး ကိုရရှိ နိုင်ပါသည်။ နယူးဇီလန်နိုင်ငံတွင် သင်၏ အခြေအနေကို ပိုမိုနားလည်နိုင်ရန်နှင့် အဖြစ်ပျက်တို့ကို နားလည်သဘောပေါက်ရန် အတွက် မေးခွန်းများကို မေးရန် အားပေးပါသည်။

၇။ ကုသမည့်နည်းလမ်းများကို မိမိကိုယ်တိုင်ဆုံးဖြတ် နိုင်ခွင့်ရှိသည်။ စိတ်ပြောင်း၍ အခြား နည်းလမ်းကိုလည်း ရွေးချယ်နိုင်ခွင့်ရှိသည်။

၈။ သင့်အားအကူညီပေးမည့်သူသည် သင့်အနားတွင် အမြဲတမ်းလိုလို နေနိုင် ခွင့်ရှိသည်။

၉။ အကယ်၍ သင့်အား သုတေသနလေ့လာမှု (သို့) ဝန်ထမ်းတို့ကို သင်ကြားမှုတွင် ပါဝင်ကူညီရန် တောင်းဆိုလာပါကလည်း ဤရပိုင်ခွင့် အားလုံးအကြုံးဝင်သည်။

၁၀။ မကျေနပ်ချက်များကို တိုင်ကြားခွင့် ရှိ၍ သင်၏တိုင်ကြားချက်ကို လေးနက်စွာ စဉ်းစားပေးရပါမည်။

## မကျေနပ်ချက်များကို တိုင်ကြားခြင်းနှင့်ဖြေရှင်းခြင်း




### ဝန်ဆောင်မှုများအပေါ်ကျွန်တော်၊ကျွန်မ မကျေနပ်မှု၊ စိုးရိမ်မှု ဖြစ်ပါက (သို့မဟုတ်) တခုခုမှားယွင်းသွားပါက (သို့မဟုတ်) မိမိရပိုင်ခွင့်များကို ထိပါးလာပါက– ဘာလုပ်နိုင်ပါသလဲ။

### အောက်ပါတို့ကို သင်လုပ်ဆောင်နိုင်ပါသည်။

- မိမိအားဝန်ဆောင်မှုပေးသူ (သို့) ဌာနဆိုင်ရာအကြီးအကဲတို့ကို ပြောကြားပါ။ သူတို့သည် သင်၏ စိုးရိမ်မှု ပြဿနာကို ရှင်းလင်း ပေးနိုင်ပါလိမ့်မည်။
- မိသားစု၊ မိတ်ဆွေတို့၏ အကူညီကို ရယူ၍ သင်၏စိုးရိမ်မှုကို ဝန်ဆောင်မှုပေးသူအားပြောကြားပါ။
- ဘက်လိုက်မှုမရှိသော လွတ်လပ်သည့်အကျိုးဆောင်၏ အကူအညီကို ရယူပါ။ ကျန်းမာရေးနှင့် မသန်စွမ်းသူများဆိုင်ရာ အကျိုးဆောင်အကြောင်း ဤစာစောင်တွင် ဖေါ်ပြ ထားပါသည်။

### အကျွန်ုပ် ဘာကြောင့်မကျေနပ်ချက်များကိုတိုင်ကြားရမည်နည်း။

မကျေနပ်ချက်များကိုတိုင်ကြားခြင်းသည် ဌာနများ၏ ဝန်ဆောင်မှုလုပ်ငန်းများ အရည်အသွေးမြင့်မားလာစေအောင် လုပ်ဆောင်သော အရေးကြီးသည့် နည်းလမ်း တစ်ခုဖြစ်သည်။ တိုင်ကြားသူတို့သည် အခြားသူများအား မိမိကဲ့သို့ အခြေအနေဆိုးများ မကြုံတွေ့ရစေရန် ရည်ရွယ်ကြောင်းပြောတတ်ကြသည်။
တိုင်ကြားသူအားဖြစ်ပျက်ခဲ့သည့်အခြေအနေများကို အသိအမှတ်ပြု ရှင်းလင်းချက်ပေးခြင်း တောင်းပန်ခြင်းတို့ဖြင့် ကျေနပ်မှု ရှိစေသည်။ ဌာနအများစုတို့သည်လည်း ယင်းတို့၏ ဝန်ဆောင်မှုကို ရယူသူများ၏ စိုးရိမ်ပူပန်မှုများကို သိရပြီး ယင်းတို့၏ဝန်ဆောင်မှု အပေါ်လိုအပ်သည် များကိုပြုပြင်တတ်ကြပါသည်။ တခါတရံ ဤသို့တိုင်ကြားမှုသည် ဌာနဆိုင်ရာတို့ ၏ လုပ်ဆောင်မှုနည်းလမ်းများကို ပြောင်းလဲသွားစေ၍ ဝန်ဆောင်မှု ရယူသူ အတွက် ပိုမိုအကျိုးရှိစေ နိုင်ပါသည်။

### တိုင်ကြားခြင်း

တိုင်ကြားရာတွင်လည်းလူကိုယ်တိုင် (သို့) တယ်လီဖုံး၊ စာ၊ ဖက်စ် (သို့) အီးမေးလ် တို့ဖြင့် မိမိအဆင်ပြေရာနည်းလမ်းကို အသုံးပြုနိုင်ပါသည်။

**အောက်ပါနေရာများသို့တိုင်ကြားနိုင်ပါသည်။**

- **သင်တိုင်ကြားလိုသည့်ပုဂ္ဂိုလ်တစ်ဦးချင်း (သို့) ပုဂ္ဂိုလ်များ**
- ထိုလုပ်ငန်း၊အထောက်အကူပြုဌာန၊အဖွဲ့အစည်းရှိ တိုင်ကြားမှုကို လက်ခံရန်တာဝန်ရှိသူ (ဥပမာ ဆေးရုံ သို့မဟုတ် အဖွဲ့အစည်းရှိ အရည်အသွေးထိန်းချုပ်မှုမန်နေဂျာ သို့မဟုတ် တိုင်ကြားမှုနှင့်သက်ဆိုင်သည့်အရာရှိ)
- လွတ်လပ်သော ကျန်းမာရေးနှင့် မသန်စွမ်းမှုဆိုင်ရာ အကျိုးဆောင်
- **ကျန်းမာရေးနှင့် မသန်စွမ်းသူများ ကော်မရှင်အရာရှိ**

### အကယ်၍ တိုင်ကြားခဲ့ပါက ကျွန်ုပ် ဘာတွေ မျှော်လင့်နိုင်ပါသနည်း။

**ဝန်ဆောင်မှုပေးသူထံသို့–**

ဝန်ဆောင်မှုပေးသူတိုင်း သင်၏ စိုးရိမ်မှု၊ မကျေနပ်မှုတို့ကို သေချာစွာနားထောင် ရပါမည်။ မကျေနပ်မှုတိုင်ကြားခြင်းနှင့် ပတ်သက် သောအဆင့်များကို သင့်အား ရှင်းပြ ပေးရမည်။ သင်၏တိုင်ကြားမှု နှင့်ပတ်သက်၍ မည်သည့်အဆင့်တွင်ရောက်ရှိ နေသည် ကိုရှင်းလင်းပေး၍ အကြောင်းကြားရမည်။ သင်၏တိုင်ကြားမှုကို ချက်ချင်းအရေးတယူ ဆောင်ရွက်မှု တို့ကိုမျှော်လင့်နိုင်ပါသည်။

**ကျန်းမာရေးနှင့် မသန်စွမ်းအကျိုးဆောင်ထံသို့–**

ကျန်းမာရေးနှင့် မသန်စွမ်းအကျိုးဆောင်သည် နိုင်ငံလုံးဆိုင်ရာ အကျိုးဆောင် ဌာနလက်အောက် တွင်ရှိ၍ သင်၏တိုင်ကြားချက်တို့ကိုနားထောင်ဖြေရှင်းပေးနိုင်ပြီး ပြဿနာဖြေရှင်းရာတွင်ရွေးချယ်နိုင်သောနည်းလမ်းများကိုလည်းပြင်ဆင်ပေးထားလျှက် ရှိသည်။ အကျိုးဆောင်သည် သင့်ဘက်တွင်ရပ်တည် ၍သင်ရွေးချယ်ရာနည်းလမ်း အပေါ်ကူညီအားပေးပါမည်။